ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၂၀၀ကျပ် K 200

# မန္တလေးခရိုင်တရားရုံး

## ၂၀၁၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၇၄

| | | |
|---|---|---|
| ဒေါ်သိန်းသိန်းဦး | နှင့် | ကိုမင်းထက် |
| | | (၄င်း၏ကိုယ်စားလှယ် စာရသူဦးရန်ရှင်းဟုန် (ခ) အားတီ |
| (တရားလို) | | (တရားပြိုင်) |

| | | | |
|---|---|---|---|
| တရားလိုအတွက် | - | ဦးတင်ဇော်လတ် | (အထက်တန်းရှေ့နေ) |
| တရားပြိုင်များအတွက် | - | ဦးသိန်းထွန်း | (တရားလွှတ်တော်ရှေ့နေ) |

## စီရင်ချက်

ရက်စွဲ။ ၂၀၁၈ခုနှစ် ၊ဖေဖော်ဝါရီလ ၊ ၅ရက်

အမှုမှာ တရားလိုဒေါ်သိန်းသိန်းဦးက တရားပြိုင်ကိုမင်းထက်အပေါ် ပျားရည်ဖိုးကျန်ငွေ(၅၇၂၄၄၁၅၅)ကျပ်ရလိုကြောင်း စွဲဆိုမှုဖြစ်သည် ။

တရားလိုကအဆိုလွှာတွင် တရားလိုနှင့်တရားပြိုင်တို့သည် ပျားရည်များအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသူများဖြစ်ကြောင်း၊ တရားလိုသည်နယ်များမှပျားရည်များကိုမှာယူပြီး တရားပြိုင်ထံပို့ဆောင်ပေးရပြီး တရားပြိုင်ကချိန်တွယ်ဝယ်ယူခဲ့ပြီး ကျသင့်ငွေများကိုချက်ချင်းရှင်းပေးလေ့ရှိကြောင်း၊ (၁.၁၀.၂၀၁၅)ရက်နေ့မတိုင်မီက တရားလိုထံမှဝယ်ယူထားသောပျားရည်ဖိုးငွေများကို တရားပြိုင်ကချက်ချင်းရှင်းပေးခဲ့ပြီး၊ (၁.၁၀.၂၀၁၅)ရက်နေ့မှ(၇.၁၀.၂၀၁၅)ရက်နေ့ထိ တရားပြိုင်ဝယ်ယူသွားသောပျားရည်ဖိုးငွေများကို တရားလိုထံရှင်းပေးခဲ့ခြင်းမရှိကြောင်း၊ (၅.၁၀.၂၀၁၅)နေ့က ရိုးမဘဏ်မှတစ်ဆင့်ငွေသိန်း(၁၉၀)နှင့် ၄င်းနောက်(၁၀)သိန်း(၂)ခါသာပေးခဲ့ပြီးကျန်ငွေများကိုရှင်းပေးခြင်းမရှိကြောင်း၊ (၇.၁၀.၂၀၁၅)ရက်နေ့တွင်တရားပြိုင်က တရားလိုသို့ပေးရန်ကျန်ငွေမှာ(၅၇၂၄၄၁၅၅)ကျပ်ဖြစ်ကြောင်း စာရင်းရှင်းရေးသားပေးခဲ့ပြီး ငွေကိုနောက်နေ့မှရှင်းပေးမည်ဟုပြောဆိုခဲ့သော်လည်း ရှင်းပေးခဲ့ခြင်းမရှိကြောင်း၊ တရားပြိုင်ထံအကြိမ်ကြိမ်သွားရောက်တောင်းခံသော်လည်း ပေးချေခြင်းမပြုဘဲရှောင်တိမ်းနေခဲ့ကြောင်း၊ အဆိုပြုခဲ့သည် ။

တရားပြိုင်ကချေလွှာတွင် တရားလိုသည်တရားပြိုင်ထံသို့ပျားရည်လုပ်ငန်းရှင်တစ်ဦးဖြစ်ကြောင်းနှင့်ပျော်ဘွယ်မြို့မှထွက်ရှိသည့်ပျားရည်များကိုရောင်းချရန်ရှိကြောင်းဖုန်းဖြင့်ဆက်သွယ်ခဲ့ပြီး ပျားရည်နမူနာကို လာရောက်ပြသခဲ့ကြောင်း၊ တရားလိုမှ(၁.၁၀.၂၀၁၅)ရက်နေ့တွင်ပျားရည်(၁၅)ပုံး (၂.၁၀.၂၀၁၅)ရက်နေ့တွင် ပျားရည်(၉၈)ပုံး (၃.၁၀.၂၀၁၅)ရက်နေ့တွင် ပျားရည်(၂၉၂)ပုံး (၄.၁၀.၂၀၁၅) ရက်နေ့တွင် ပျားရည်(၆၄)ပုံးအသီးသီးပေးပို့ရောင်းချခဲ့ကြောင်း တရားလိုမှာပျားမွေးမြူရေးလုပ်ငန်းရှင်မဟုတ်ဘဲ အခြားသူများပေးပို့သည့်ပျားရည်များကို တစ်ဆင့်ခံရောင်းချသူဖြစ်

ခင်နှင်းရီအောင်
(စေ့စပ်ညှိနှိုင်းသူ)
ဒုတိယဦးစီးမှူး
မန္တလေးခရိုင်တရားရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၅၀ကျပ် K 150



ကြောင်းကို(၅.၁၀.၂၀၁၅)ရက်နေ့တွင်မှတရားပြိုင်သိရှိခဲ့ရကြောင်း ၊ ထို(၅.၁၀.၂၀၁၅) ရက်နေ့တွင် တရားလိုမှပုားရည် (၅၉၂)ပုံး ထပ်မံပေးပို့ခဲ့ရာ တရားလိုပေးပို့ခဲ့သောပုားရည်များမှာ အတုဖြစ်ကြောင်းသံသယဝင်သဖြင့် တရားပြိုင်က(၅.၁၀.၂၀၁၅) ရက်စွဲပါပြေစာ၌ ပုားရည်တစ်ပိသာ၏ဝယ်ယူသည့်ဈေးနှုန်းကိုမဖော်ပြဘဲ တန်ဖိုးငွေ(၃၂၈၇၈၉၀)ကျပ်ဟုသာ ပြေစာတွင်ရေးသား၍ပြေစာဖွင့်လှစ်ပေးခဲ့ပြီး စာရင်းရှင်းမပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုနေ့တွင်တရားလိုပေးပို့လာသောပုားရည်များမှာ အတုဖြစ်ကြောင်းတရားပြိုင်ကသံသယဝင်သဖြင့် မန္တလေးတိုင်းဒေသကြီးပျားလုပ်ငန်းဌာန တိုင်းဦးစီးမှူးထံသို့ဆက်သွယ် အကူအညီတောင်းခဲ့ရာ ပျော်ဘွယ်မြို့ ပျားလုပ်ငန်းဌာနမြို့နယ်ဦးစီးမှူးဦးတင့်လွင်မှ တရားပြိုင်၏ဂိုဒေါင်သို့ (၅.၁၀.၂၀၁၅) ရက်နေ့တွင် လာရောက်ကြည့်ရှုစစ်ဆေးရာ တရားလိုပေးပို့ထားသည့် ပုားရည်ပုံးဂါ(၁၀၀၀)ခန့်သည် တင်လဲရည်အနံ့နံပြီးချဉ်သော အရသာရှိသောကြောင့် သံသယဖြစ်ဖွယ်ပုားရည်အတုများဖြစ်သည်ဟုပြောကြားခဲ့ကြောင်း ၊ ထိုသို့ပြောကြားသည်ကို တရားလိုကိုယ်တိုင်လဲ သိရှိပြီးဖြစ်ကြောင်း ၊ တရားလိုပေးပို့သည့်ပုားရည်အတုများကို တရားပြိုင်မှတရုတ်နိုင်ငံကျမ်ဆုကျုံဖုစစ်ဆေးရေးကုမ္ပဏီလီမိတက်သို့ ပုားရည်နမူနာပေးပို့၍ဓါတ်ခွဲစစ်ဆေးမှုပြုစေခဲ့ရာထိုကုမ္ပဏီ၏(၁၅.၁၀.၂၀၁၅)ရက်စွဲပါအကြောင်းပြန်ကြားစာအရ နမူနာပုားရည်မှာသကြားရည်ထည့်ထားသည်ဟု အကြောင်းပြန်ကြားလာသဖြင့်တရားလိုထံ ဖုန်းဖြင့်ဆက်သွယ်အသိပေးခဲ့ကြောင်း၊ ထို့နောက်ပျားလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူးရုံးတွင် တရားလိုနှင့်တရားပြိုင်၏ညီအားတီတို့ ထိုကိစ္စအားညှိနှိုင်းဖြေရှင်းကြရာ တရားလိုကရင်းပေးပို့ထားသောပုားရည်အတုများအား (၁)လလျှင် သိန်း(၆၀)ခန့်ပြန်၍ယူရောင်းပေးမည်ဟု ဝန်ခံပြောဆိုခဲ့ကြောင်း တရားလိုမှထိုသို့ဝန်ခံပြောဆိုချက်အတိုင်း ဆောင်ရွက်ခဲ့ခြင်းမရှိ၍ တရားပြိုင်၏ညီအားတီက တရားလိုနှင့်သမီးမအေးပုံ့ပုံ့စိုးတို့အပေါ် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတွင် ရာဇဝတ်ကြီးမှုအမှတ်- ၁၆၃/ ၂၀၁၆၊ ပုားရည်အတုလိမ်လည်ရောင်းချမှုဖြင့်တရားစွဲဆိုထားကြောင်း၊ ထို့ကြောင့်(၅.၁၀.၂၀၁၅)ရက်နေ့နှင့် (၇.၁၀.၂၀၁၅) ရက်နေ့များတွင် တရားလိုပေးပို့လာသောပုားရည်များသည် ပုားရည်အတုများဖြစ်သောကြောင့် တရားပြိုင်ရေးဖွင့်ပေးခဲ့သည့်ပြေစာပါအတိုင်း ပုားရည်ဖိုးငွေစာရင်းရှင်းရန်အကြောင်းမပေါ်ပေါက်ပါကြောင်း ၊ တရားလိုပေးပို့သော (၃.၁၀.၂၀၁၅) ရက်နေ့က ပုားရည်(၂၉၂)ပုံး နှင့် (၄.၁၀.၂၀၁၅) ရက်နေ့က ပုားရည်(၆၄)ပုံးတို့အတွက် ကျသင့်ငွေမှာ(၁၉၉၇၇၂၃၀)ကျပ် ဖြစ်သော်လည်း တရားပြိုင်က တရားလိုသို့(၅.၁၀.၂၀၁၅)ရက်နေ့တွင် ငွေကျပ်သိန်း(၁၉၀)ကိုလည်းကောင်း ထိုနောက်ပိုင်းတွင် ကျပ်သိန်း(၂၀) ကိုလည်းကောင်း စုစုပေါင်းသိန်း(၂၁၀) ပေးချေခဲ့ပြီးဖြစ်၍ တရားပြိုင်မှတရားလိုသို့ငွေကျပ်(၁၂၂၂၇၇၀)ကျပ်ပိုမိုပေးချေခဲ့ပြီးဖြစ်ကြောင်း၊သို့ပါ၍(၅.၁၀.၂၀၁၅) ရက်နေ့နောက်ပိုင်း တရားလိုပေးပို့ခဲ့သောပုားရည်များမှာ အတုများဖြစ်ကြောင်းကိုတရားလိုထံသို့ အသိပေးအကြောင်းကြားပြီးဖြစ်သဖြင့် တရားပြိုင်သည်တရားလိုသို့ ငွေရှင်းပေးရန်မကျန်ရှိတော့ကြောင်း၊ တရားပြိုင်အနေဖြင့် ပုားရည်အတုများအားပုားရည်အစစ် ဈေးနှုန်းဖြင့်စာရင်းရှင်းပေးရန် တာဝန်မရှိကြောင်း တရားပြိုင်ဘက်မှပျက်ကွက်မှုမရှိဘဲ တရားလိုဘက်မှပျက်ကွက်ခြင်းဖြစ်၍ အမှုစွဲဆိုရန်အကြောင်းမပေါ်ပေါက်သဖြင့် တရားလိုတောင်းဆိုသည့်အတိုင်း ဒီကရီမရထိုက်ကြောင်း ချေပခဲ့သည်။

အဆိုအချေတို့အရ ရုံးတော်မှအောက်ပါငြင်းချက်(၃)ရပ်ကိုထုတ်နှုတ်ခဲ့သည်။

(၁) တရားလိုသည်တရားပြိုင်များထံမှ ပုားရည်ဖိုးကျန်ငွေ(၅၇၂၄၄၁၅၅)ကျပ် ရရန်ရှိသည်ဆိုသည်မှာ မှန်သလား။

(၂) (၇.၁၀.၂၀၁၅) ရက်စွဲပါ ပြေစာတွင်ကျန်ငွေ(၅၇၂၄၄၁၅၅)ကျပ်ဟု ဖော်ပြထားသောငွေမှာ

တရားလိုပေးပို့သော ပျားရည်များမှာအတုဖြစ်နေသည့်အတွက် ထိုငွေကိုတရားပြိုင်ကတရားလို သို့ ပေးချေရန်တာဝန်မရှိဆိုသည်မှာ မှန်သလား။

(၃) တရားလိုသည်မည်သည့်သက်သာခွင့်ရထိုက်သနည်း။ စသည်တို့ဖြစ်သည်။

ငြင်းချက် (၁)

အမှုတွင် တရားပြိုင်သည်တရားလိုပေးပို့ရောင်းချခဲ့သည့် ပျားရည်များကိုလက်ခံရယူခဲ့ပြီးနောက် ပျားရည်ဖိုးငွေများကိုစာရင်းရှင်းလင်းခဲ့ကြရာ ပျားရည်ဖိုးကျန်ငွေ(၅၇၂၄၄၁၅၅)ကျပ်ကို တရားပြိုင်မှတရားလိုဒေါ်သိန်းသိန်းဦးထံသို့ ပေးချေခဲ့မှုမရှိသေးကြောင်းမှာ နှစ်ဘက်အငြင်းမပွားပေါ်ပေါက်သည် ။ တရားပြိုင်အနေဖြင့် တရားလိုပေးပို့ရောင်းချခဲ့သည့် ပျားရည်များမှာအတုဖြစ်နေ၍ ပျားရည်ဖိုးငွေများကိုတရားလိုထံ ပေးချေရန်တာဝန်မရှိကြောင်း ချေပထားပေရာတရားလိုပေးပို့ခဲ့သည့် ပျားရည်များသည်အတုများဖြစ်ကြောင်း သက်သေထင်ရှားပြသရန်တာဝန်သည် တရားပြိုင်အပေါ်တွင်ကျရောက်ပေသည် ။

အမှုတွင် တရားလိုဒေါ်သိန်းသိန်းဦးက တရားပြိုင်ထံသို့ပျားရည်များပေးပို့စဉ်တွင် တရားပြိုင်ကပျားရည်ပုံးများကိုဖွင့်လှစ်စစ်ဆေးကာ ပြန်လည်ချိန်တွယ်ပြီးမှပြေစာဖြင့်ငွေရှင်းပေးခဲ့ကြောင်း ၊(၃.၁၀.၂၀၁၅)မှ(၇.၁၀.၂၀၁၅)ရက်နေ့အထိပေးပို့ခဲ့သောပျားရည်ဖိုးငွေများကို တရားပြိုင်ကရှင်းမပေးခဲ့ကြောင်း ၊ (၅.၁၀.၂၀၁၇)ရက်နေ့ကတရားပြိုင်မှငွေကျပ်သိန်း(၂၁၀)ရှင်းပေးခဲ့ကြောင်း (၇.၁၀.၂၀၁၅)ရက်နေ့တွင်တရားပြိုင်ထံမှရရန်ရှိသည့်ပျားရည်ဖိုးငွေများကိုစာရင်းရှင်းရာ စုစုပေါင်း (၇၈၂၄၄၁၅၅)ကျပ်ဖြစ်သည့်အတွက် တရားပြိုင်ရှင်းပေးခဲ့သည့်ငွေသိန်း(၂၁၀)ကိုနုတ်လျှင် တရားပြိုင်ထံမှ (၅၇၂၄၄၁၅၅)ကျပ်ရရန်ရှိကြောင်း ၊ တရားပြိုင်မှထိုကျန်ငွေကို ၎င်းအားသက်သေခံ(က) ဘောက်ချာဖြင့်သာ စာရင်းရှင်းလင်းပေးခဲ့ပြီး ငွေများပေးချေခဲ့ခြင်းမရှိကြောင်း ထွက်ဆိုခဲ့သည် ။

တရားလိုတင်ပြသည့်သက်သေများဖြစ်သည့် ဦးမြင့်ဝေ(လိုပြ-၁)၊ကိုချစ်ကို(လိုပြ-၂) ကိုမျိုး(ခ)ကိုနေမျိုး(လိုပြ-၃) ကလည်း တရားလို၏ပျားရည်များကို တရားပြိုင်ထံသွားရောက်ပို့ဆောင်ပေးချိန်တွင် တရားပြိုင်ကပျားရည်ပုံးများကိုဖွင့်လှစ်စစ်ဆေးပြီးမှချိန်တွယ်၍ပေပါများအတွင်းသို့လှယ်ထည့်ပေးခဲ့ရကြောင်း ၊ တစ်ညီတစ်ညွတ်တည်းထွက်ဆိုခဲ့ကြပြီး ၊ ဦးလှထွန်း(လိုပြ-၅)ကလည်း တရားလို၏အိမ်သို့တရားပြိုင်မှကားဖြင့်လာရောက်ကာ ပျားရည်များကိုစမ်းသပ်ပြီးဝယ်ယူကြောင်း တရားလိုအားထောက်ခံထွက်ဆိုခဲ့သည်ကိုတွေ့ရှိရသည် ။

ထို့အပြင်တရားလိုတင်ပြထားသည့် သက်သေခံ(က-၁)မှ(က-၄)ပြေစာဖြတ်ပိုင်းများ ပါဖော်ပြချက်များအရလည်း တရားလိုပေးပို့ခဲ့သည့်ပျားရည်များအား တရားပြိုင်မှလက်ခံရယူပြီး ငွေများရှင်းပေးခဲ့ကြောင်း ၊ သက်သေခံ(က)ပြေစာဖြတ်ပိုင်းတွင်ပေးရန်ကျန်သည့်ငွေများကိုစုပေါင်း ဖော်ပြကာ ပေးပြီးခဲ့သည့်ငွေကိုနုတ်၍ တရားလိုထံပေးရန်(၅၇၂၄၄၁၅၅)ကျပ်ကျန်ရှိကြောင်းကို တရားပြိုင်ကတရားလိုနှင့်စာရင်းရှင်းလင်းထားကြောင်းပေါ်ပေါက်နေသည် ။

ထို့ကြောင့်တရားလိုမှ၎င်းပျားရည်များပေးပို့ရာတွင် တရားပြိုင်မှစမ်းသပ်စစ်ဆေးပြီး မှချိန်တွယ်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်းကို နှုတ်သက်သေခံချက်ဖြင့်သော်လည်းကောင်း ၊ စာရွက်စာတမ်းသက်သေခံချက်ဖြင့်သော်လည်းကောင်း သက်သေထင်ရှားတင်ပြထားကြောင်းတွေ့ရှိရပြီး တရားပြိုင်ကိုယ်တိုင်မှလည်း တရားလို၏ပျားရည်များကို စမ်းသပ်စစ်ဆေးပြီးမှဝယ်ယူခြင်းဖြစ်ကြောင်းကိုတရားပြိုင်အားပြန်လှန်စစ်မေးစဉ်က " × × × ကျွန်တော်တို့ထံသို့တရားလိုပျားရည်လာပို့တိုင်း ကျွန်တော်တို့က ပျားရည်ပုံးများကိုဖွင့်၍အနံ့ခံခြင်း ၊ လျှာဖြင့်လျက်ခြင်းတို့ပြုလုပ်ပြီးမှ စမ်း

စမ်းသပ်သည်ဆိုလျှင် မှန်ပါသည်။ × × × ”ဟု ထွက်ဆိုခဲ့သည်ကိုတွေ့ရသည်။ ထို့ကြောင့် တရားပြိုင်၏ထွက်ဆိုချက်အရလည်း တရားလိုပေးပို့သည့်ပုားရည်များကို စမ်းသပ်စစ်ဆေးပြီး ကြိုက်နှစ်သက်မှငွေပေးချေဝယ်ယူခဲ့မှုပြုလုပ်ကြခြင်းဖြစ်ကြောင်း ပေါ်ပေါက်နေသည်။

အမှုတွင် တရားပြိုင်မှ တရားလိုအားသက်သေ(က)ပြေစာဖြင့် ပုားရည်ဖိုးငွေများကိုစုပေါင်း၍ စာရင်းရှင်းလင်းရေးသားပေးခဲ့ကြောင်းကို ငြင်းဆိုခြင်းမရှိသော်လည်းသက်သေခံ(က) ပါငွေအား ရှင်းမပေးရခြင်းမှာ(၅.၁၀.၂၀၁၅)ရက်နှင့်(၇.၁၀.၂၀၁၅)ရက်နေ့တို့တွင် တရားလိုပေးပို့ခဲ့သည့်ပုားရည်များသည် အတုဖြစ်နေ၍ငွေမရှင်းပေးခြင်းဖြစ်ကြောင်း ချေပထွက်ဆိုခဲ့သည်။

အမှုတွင် တရားလိုပေးပို့သည့်ပုားရည်မှာအတုဖြစ်ကြောင်း စမ်းသပ်စစ်ဆေးပေးခဲ့သည်ဆိုသော တရားပြိုင်တင်ပြသည့်သက်သေဦးတင့်လွင်(ပြိုင်ပြ-၃)က တရားပြိုင်၏ဂိုဒေါင်တွင် တရားလိုဒေါ်သိန်းသိန်းဦးထံမှဝယ်ယူထားသောပုားရည်များကိုအတုအစစ်စမ်းသပ်ပေးရန်မန္တလေးတိုင်းပုားလုပ်ငန်းဦးစီးဌာနမှတိုင်းဦးစီးမှူး၏နှုတ်ဖြင့်တာဝန်ပေးချက်အရ သွားရောက်စစ်ဆေးခဲ့ရာ ပုားရည်များကိုလျှာပေါ်တင်၍စစ်ဆေးစဉ် လျှာပေါ်တွင်ခဲနေပြီးတင်လဲရည်အနံ့ထွက်နေသဖြင့်ပုားရည်များမှာအတုဖြစ်နေကြောင်း တိုင်းဦးစီးမှူးထံသက်သေခံ(၆)စာဖြင့် အစီရင်ခံတင်ပြခဲ့ကြောင်း၊ ၎င်းစစ်ဆေးစဉ်က တရားလိုလည်းရှိနေကြောင်း၊ တရားပြိုင်အားထောက်ခံထွက်ဆိုခဲ့သည်။

သို့သော် ဦးတင့်လွင်(ပြိုင်ပြ-၃)သည် ပုားလုပ်ငန်းဦးစီးဌာနမှမြို့နယ်ဦးစီးမှူးတစ်ဦးဖြစ်သော်လည်း ပုားရည်များကိုအတုအစစ်ခွဲခြားသိရှိနိုင်သည့် ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်ကြောင်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့်အပြင် ၎င်း၏စမ်းသပ်စစ်ဆေးမှုမှာလည်း နည်းလမ်းတကျဓါတ်ခွဲစမ်းသပ်စစ်ဆေးခြင်းမျိုးမဟုတ်ကြောင်းတွေ့ရှိရသည်။ ထို့အပြင် ၎င်း၏မျက်မြင်စမ်းသပ်စစ်ဆေးချက်အား မှန်ကန်ကြောင်းထောက်ခံသည့် အစိုးရဌာနတစ်ခုခု၏ တရားဝင်ထောက်ခံချက်တစ်စုံတစ်ရာလည်း တရားပြိုင်ဘက်မှတင်ပြနိုင်ခြင်းမတွေ့ရချေ။

ထို့အပြင်တရားပြိုင်မှ တရားလိုဒေါ်သိန်းသိန်းဦးပေးပို့သည့်ပုားရည်များကို တရုတ်နိုင်ငံရှိဓါတ်ခွဲခန်းသို့ပေးပို့ဓါတ်ခွဲစမ်းသပ်ရာ အတုဖြစ်သည်ဟုပြန်ကြားလာကြောင်း ထွက်ဆိုထားသော်လည်း ထိုသို့ဓါတ်ခွဲစမ်းသပ်ခဲ့သည့် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမတွေ့ရသည့်အပြင် ဓါတ်ခွဲစမ်းသပ်ခဲ့သည့်ကျွမ်းကျင်ပညာရှင်ကိုလည်း သက်သေထင်ရှားတင်ပြထွက်ဆိုနိုင်ခြင်းမတွေ့ရချေ။

ထို့အပြင်တရားပြိုင်သည် ပုားရည်များကိုဝယ်ယူစုဆောင်းရာ၌ တရားလိုတစ်ဦးတည်းထံမှဝယ်ယူခြင်းမျိုးမဟုတ်ဘဲ လူအများထံမှဝယ်ယူခြင်းဖြစ်ကြောင်းကိုလည်း " ကျွန်တော်သည် ဒေါ်သိန်းသိန်းဦးထံမှသာမက ပျော်ဘွယ်မြို့နယ်ပုားလုပ်ငန်းဦးစီးမှူးဦးတင့်လွင်ထံမှလည်း ပုားရည်များဝယ်ယူသည်ဆိုလျှင် ကျွန်တော်တို့ဝယ်ယူသည်မှာ လူအများအပြားထံမှဖြစ်ပြီး အထက်တွင်ကျွန်တော်မှတ်မိသလောက်သာ ထွက်ဆိုခဲ့ခြင်းဖြစ်ပါသည်။ × × × ”ဟု တရားပြိုင်၏ထွက်ဆိုချက်အရပေါ်ပေါက်နေသည်။ ဦးတင့်လွင်(ပြိုင်ပြ-၃)ကလည်း "× × ×သက်သေခံ(၆)စာတွင် တရားလိုကတာဝန်ခံအပ်ပေးသည့်ပုားရည်ဖြစ်ကြောင်း ဖော်ပြထားခြင်းမရှိဆိုလျှင် မှန်ပါသည်။ ကျွန်တော်စစ်ဆေးကြောင်းဖော်ပြထားသည့်ပုားရည်မှာ တရားပြိုင်၏ဂိုဒေါင်တွင်ရှိသောပုားရည်ပုံးများဖြစ်သည်ဆိုလျှင် မှန်ပါသည်× × ×”ဟုထွက်ဆိုခဲ့ရာ ပုားရည်အတုအစစ်စစ်ဆေးခဲ့သူကိုယ်တိုင်ကပင် ၎င်းစစ်ဆေးခဲ့သောပုားရည်များမှာ တရားလို၏ပုားရည်များဖြစ်ကြောင်း ရှေ့နောက်ညီညွတ်နိုင်မာစွာ ထွက်ဆိုနိုင်မှုမရှိကြောင်းပေါ်ပေါက်နေသည်။

ထို့ကြောင့် အမှုတွင် (၅.၁၀.၂၀၁၅)ရက်နေ့က ပုားလုပ်ငန်းဦးစီးဌာနမှဦးစီးအရာရှိ

ဦးတင့်လွင်(ပြိုင်ပြ-၃) စစ်ဆေးရာတွင်သော်လည်းကောင်း ၊ တရုတ်နိုင်ငံဓါတ်ခွဲခန်းသို့ပေးပို့စစ်ဆေးခဲ့သည်ဆိုရာတွင်သော်လည်းကောင်း ၊ တရားပြိုင်စစ်ဆေးခိုင်းသည့်ဆိုသောပျားရည်သည် တရားလို၏ပျားရည်ဖြစ်ကြောင်း ကောက်ယူနိုင်သည့်တိကျခိုင်မာသည့် အထောက်အထားတစ်စုံတစ်ရာ တရားပြိုင်ဘက်မှ တင်ပြနိုင်ခဲ့ခြင်းမတွေ့ရချေ ။

တရားပြိုင်တင်ပြသည့် သက်သေများဖြစ်သည့်ကိုသိန်းထွန်း (ပြိုင်ပြ-၁) ၊ကိုကျော်စိုး (ပြိုင်ပြ-၂)၊ ကိုပေါက်( ပြိုင်ပြ-၄) ၊ ရဲအုပ်ထင်လင်းထိုက်(ပြိုင်ပြ-၅)တို့ကလည်း တရားလိုမှ တရားပြိုင်သို့ ပေးပို့ရောင်းခဲ့သောပျားရည်များမှာအတုများဖြစ်ပါသည်ဟု တစ်စုံတစ်ရာထောက်ခံထွက်ဆိုနိုင်ကြခြင်းမတွေ့ရချေ ။ တရားပြိုင်ကိုယ်တိုင်ကလည်း ပြန်လှန်စစ်မေးချက်တွင် " × × မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာန(FDA)က တရားလို၏ပျားရည်များသည် အတုများဖြစ်သည်ဟု တရားဝင်ပြန်ကြားထားခြင်းမရှိဆိုလျှင် မှန်ပါသည် ။ ကျွန်တော်တင်ပြသည့် မှတ်တမ်းဓါတ်ပုံပါပျားရည်ပုံးများတွင်ဒေါ်သိန်းသိန်းဦး၏ပျားရည်ဖြစ်ကြောင်း အမှတ်အသားပါရှိခြင်း မရှိဆိုလျှင် မှန်ပါသည် ။ × × ×" စသည်ဖြင့် ထွက်ဆိုထားသည်ကိုတွေ့ရသဖြင့် တရားပြိုင်ကိုယ်တိုင်ပင်လျှင် တရားလိုပေးပို့သည့်ပျားရည်များမှာ အတုဖြစ်ကြောင်းခိုင်မာသည့်အထောက်အထားများနှင့်တကွ တင်ပြထွက်ဆိုနိုင်ခြင်း မတွေ့ရချေ ။

အမှုတွင် နှစ်ဘက်သက်သေခံချက်များနှင့်သက်သေခံစာရွက်စာတမ်းအထောက်များအပေါ်ခြုံ၍သုံးသပ်ရလျှင် တရားလိုနှင့်တရားပြိုင်တို့ ပျားရည်အရောင်းအဝယ်များပြုလုပ်ကြရာတွင် တစ်ဖက်နှင့်တစ်ဖက်ပဋိညာဉ်စာချုပ်များချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်ကြခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခြင်းမရှိချေ ။ တရားပြိုင်၏ထွက်ဆိုချက်နှင့် တရားပြိုင်တင်ပြသည့်စာရွက်စာတမ်းများပါဖော်ပြချက်တို့အရပင် တရားလိုဒေါ်သိန်းသိန်းဦးပေးပို့သည့်ပျားရည်များကို တရားပြိုင်တို့ကစမ်းသပ်စစ်ဆေးပြီးကြိုက်နှစ်သက်မှသာ ပြေစာဖြတ်၍ငွေချေဝယ်ယူသည့်စနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ကြခြင်းဖြစ်ကြောင်း ပေါ်ပေါက်နေသည် ။

ထို့ကြောင့်တရားပြိုင်အနေဖြင့်တရားလိုနှင့် စာချုပ်စာတမ်းချုပ်ဆိုထားခြင်းမရှိသည့် အရောင်းအဝယ်တွင် တရားလိုပေးပို့ရောင်းချသည့်ပျားရည်များသည် အတုဖြစ်နေလျှင်ထိုသို့သိရှိသည့်နေ့မှစ၍ ထိုပျားရည်များကိုလက်ခံဝယ်ယူခြင်းမပြုဘဲ တရားလိုထံချက်ချင်းအကြောင်းကြားခြင်း၊ ပြန်လည်ပေးအပ်ခြင်းတို့ ပြုလုပ်နိုင်ပါလျက် ထိုသို့အကြောင်းကြားခြင်း၊ ပြန်လည်ပေးပို့ခြင်းတို့ ပြုလုပ်ခဲ့သည့်အထောက်အထားများလည်း ပေါ်ပေါက်ခြင်းမရှိချေ ။ တရားပြိုင်ကိုယ်တိုင်ကလည်း "× × နောက်ဆုံးပေးပို့သည့်(၇.၁၀.၂၀၁၅)ရက်နေ့မှယခုအမှုစွဲဆိုသည့်(၄.၂.၂၀၁၆)ရက်နေ့အထိ ကြားကာလတွင်ကျွန်တော်တို့က တရားလိုထံပျားရည်များအတုဖြစ်နေသဖြင့် လာရောက်ဖြေရှင်းပေးပါရန်စာဖြင့် တရားဝင်အကြောင်းကြားခဲ့ခြင်း မရှိဆိုလျှင်မှန်ပါသည် ။× × ×"ဟုဝန်ခံထွက်ဆိုထားကြောင်းလည်းတွေ့ရှိရသည် ။

ထို့အပြင် တရားပြိုင်မှတရားလို(၅.၁၀.၂၀၁၅)ရက်နေ့က ပေးပို့ခဲ့သည့်ပျားရည်များကိုသံသယဖြစ်၍ စစ်ဆေကြည့်ရာပျားရည်များမှာအတုဖြစ်ကြောင်းသိရသည်ဟု ထုချေထွက်ဆိုခဲ့သော်လည်း (၇.၁၀.၂၀၁၅)ရက်နေ့အထိ တရားလိုပေးပို့သည့်ပျားရည်များကို တရားပြိုင်ကဆက်လက်ဝယ်ယူခဲ့မှုရှိကြောင်းမှာ တရားပြိုင်တင်ပြသည့်သက်သေခံ(၄-ဃ)မှ(၄-ဆ)အထိပြေစာများပါဖော်ပြချက်များအရ ထင်ရှားပေါ်ပေါက်နေသည် ။ ထို့အပြင် တရားပြိုင်သည် တရားလိုထံမှ (၇.၁၀.၂၀၁၅) ရက်နေ့အထိ ဝယ်ယူခဲ့သည့်ပျားရည်ဖိုးငွေများကို တရားလိုနှင့်(၇.၁၀.၂၀၁၅) ရက်နေ့တွင်ပင် စာရင်းရှင်းလင်းမှုများပြုလုပ်ခဲ့ကြပြီး တရားလိုအားပေးရန်ကျန်ရှိသည့်ငွေကိုပင်

တရားဝင်မိတ္တူ

(၅၇၂၄၄၁၅၅)ကျပ်ကျန်ရှိကြောင်း တရားပြိုင်ကိုယ်တိုင်ရေးသားဖော်ပြပေးခဲ့ကြောင်းမှာ သက်သေခံ(က)နှင့်သက်သေခံ(၄-ဇ)ပြေစာပါဖော်ပြချက်တို့အရ ထင်ရှားပေါ်ပေါက်နေသည်။ ထို့အပြင် တရားလိုနှင့်တရားပြိုင်တို့ ပျားရည်ဖိုးကျန်ငွေများစာရင်းရှင်းခဲ့ကြသည့် (၇.၁၀.၂၀၁၅)ရက်နေ့တွင် ပျားရည်အတုဖြစ်သည့်ကိစ္စကိုဖြေရှင်းခဲ့ကြကြောင်း ပေါ်ပေါက်ခြင်းမရှိသကဲ့သို့ ထိုနေ့ကတရားပြိုင်မှတရားလိုဒေါ်သိန်းသိန်းဦးသို့ စာရင်းရှင်းလင်းရေးသားပေးအပ်ခဲ့သည့် သက်သေခံ(က) ပြေစာပေါ်တွင်လည်း ထိုကျန်ငွေကိုပျားရည်များအတုဖြစ်နေ၍ ရှင်းမပေးနိုင်ခြင်းဖြစ်ကြောင်း တစ်စုံတစ်ရာရေးသားဖော်ပြထားခြင်းလည်း မတွေ့ရချေ။

ထို့ကြောင့် အမှုတွင်တရားပြိုင်သည် တရားလိုပေးပို့ရောင်းချခဲ့သောပျားရည်များကို ဝယ်ယူစဉ်ကစမ်းသပ်စစ်ဆေးပြီး သဘောတူလက်ခံဝယ်ယူခဲ့ခြင်းဖြစ်ကြောင်းသာ ထင်ရှားပေါ်ပေါက်နေပြီး၊ တရားလိုပေးပို့ခဲ့သောပျားရည်များသည်အတုဖြစ်ကြောင်း သက်သေထင်ရှားပြသနိုင်ခြင်းမရှိသည့်အခြေအနေတွင် တရားပြိုင်မှတရားလိုဒေါ်သိန်းသိန်းဦးပေးပို့ခဲ့သော ပျားရည်များသည်အတုဖြစ်ပါသည်ဆိုသည့် နတ်သက်သက်ထုချေတင်ပြချက်ကို လက်ခံယုံကြည်ရန်ခဲယဉ်းပေသည်။

သို့ဖြစ်၍အမှုတွင်တရားပြိုင်အနေဖြင့် တရားလိုပေးပို့ခဲ့သည့်ပျားရည်များကိုသဘောတူစွာလက်ခံရယူခဲ့ကြောင်းသာ အမှု၌တစ်စိုက်မတ်မတ်ပေါ်ပေါက်နေပေရာ တရားလိုထံမှလက်ခံရယူခဲ့သည့်ပျားရည်များ၏တန်ဖိုးငွေကို တရားပြိုင်မှတရားလိုဒေါ်သိန်းသိန်းဦးထံသို့ ပြန်လည်ပေးဆပ်ရန်တာဝန်ရှိမည်ဖြစ်သည်။ ထို့ကြောင့် အမှုတွင်တရားလိုနှင့်တရားပြိုင်တို့ သဘောတူညီစွာစာရင်းရှင်းလင်းခဲ့ကြသည့် သက်သေခံ(က)ပြေစာပေါ်ရှိ ပျားရည်ဖိုးကျန်ငွေ(၅၇၂၄၄၁၅၅)ကျပ်ကို တရားပြိုင်မှတရားလိုထံပြန်လည် ပေးဆပ်ရန်ကျန်ရှိနေကြောင်းသုံးသပ်ရရှိသည်။

ထို့ကြောင့် ငြင်းချက်(၁)အား တရားလိုသည်တရားပြိုင်ထံမှ ပျားရည်ဖိုးကျန်ငွေ (၅၇၂၄၄၁၅၅)ကျပ်ရရန်ရှိသည်မှာ မှန်ကြောင်းဖြေကြားလိုက်သည်။

ငြင်းချက် (၂)

အထက်ပါငြင်းချက်(၁)တွင် အကျယ်တဝံ့သုံးသပ်ဖြေကြားခဲ့သည့်အတိုင်း တရားပြိုင်သည် တရားလိုပေးပို့ခဲ့သည့်ပျားရည်များအားအတုဖြစ်ကြောင်း သက်သေထင်ရှားပြသနိုင်ခြင်းမရှိသဖြင့် တရားလိုနှင့်တရားပြိုင်တို့ပျားရည်ဖိုးငွေများ သဘောတူညီစွာစာရင်းရှင်းလင်းထားသည့် (၇.၁၀.၂၀၁၅)ရက်စွဲပါသက်သေခံ(က)ပြေစာတွင်ဖော်ပြထားသည့် ပျားရည်ဖိုးကျန်ငွေ (၅၇၂၄၄၁၅၅)ကျပ်ကို တရားပြိုင်မှတရားလိုဒေါ်သိန်းသိန်းဦးထံသို့ ပြန်လည်ပေးချေရန်တာဝန်ရှိကြောင်း သုံးသပ်ရရှိသည်။

သို့ပါ၍ ငြင်းချက်(၂)အား (၇.၁၀.၂၀၁၅)ရက်စွဲပါပြေစာတွင်ကျန်ငွေ(၅၇၂၄၄၁၅၅)ကျပ်ဟုဖော်ပြထားသောငွေမှာ တရားလိုပေးပို့သောပျားရည်များမှာ အတုဖြစ်နေသည့်အတွက် ထိုငွေကိုတရားပြိုင်ကတရားလိုသို့ ပေးချေရန်တာဝန်မရှိဆိုသည်မှာမမှန်ကြောင်းဖြေကြားလိုက်သည်။

ငြင်းချက် (၃)

အထက်ပါငြင်းချက်(၁)နှင့်(၂)တို့တွင် သုံးသပ်ဖြေကြားခဲ့သည့်အတိုင်း တရားပြိုင်သည်တရားလိုအား ပျားရည်ဖိုးကျန်ငွေ(၅၇၂၄၄၁၅၅)ကျပ်ပေးဆပ်ရန်ကျန်ရှိနေကြောင်း ထင်ရှားပေါ်ပေါက်နေသောကြောင့် တရားလိုသည်ထိုငွေများကိုတရားပြိုင်ထံမှ ပြန်လည်ရထိုက်ခွင့်ရှိ

(ဝေမှုန့်သက်နှယ်)
ဒုတိယဦးစီးမှူး
လှိုင်သာယာမြို့နယ်တရားရုံး

မည်ဖြစ်ကြောင်း သုံးသပ်ရရှိသည် ။

ထို့ကြောင့် ငြင်းချက်(၃)အား တရားလိုသည်တရားပြိုင်ထံမှ ပျားရည်ဖိုးကျန်ငွေ (၅၇၂၄၄၁၅၅)ကျပ်ကို ပြန်လည်ရထိုက်ခွင့်ရှိကြောင်း ဖြေကြားလိုက်သည် ။

သို့ပါ၍ တရားပြိုင်ကိုမင်းထက်သည် တရားလိုဒေါ်သိန်းသိန်းဦးအား ပျားရည်ဖိုးကျန်ငွေ (၅၇၂၄၄၁၅၅)ကျပ်ကို ပြန်လည်ပေးဆပ်စေရန် စရိတ်နှင့်တကွအနိုင်ဒီကရီချမှတ်လိုက်သည် ။

ရှေ့နေခ(၅၀၀၀)ကျပ်သတ်မှတ်သည် ။

( ခင်အေးအေးလင်း)
ဒုတိယခရိုင်တရားသူကြီး(၉)
မန္တလေးခရိုင်တရားရုံး

တာဝန်ခံမိတ္တူ

(စောမွန်သက်နွယ်)
ဒုတိယဦးစီးမှူး
မန္တလေးခရိုင်တရားရုံး